**(၄) ကြီးထွားမှု ပုံမမှန်ဖြစ်ခြင်း (သို့) ပုံသဏ္ဍာန်ပြောင်းလဲခြင်းရောဂါ (Malformation)**

**ရောဂါဖြစ်စေသက်ရှိ-** *Fusarium mangiferae* Britz, M.J. Wingf. & Marasas

ရောဂါလက္ခဏာများ

ပျိုးပင်ပေါက်နှင့် အပင်ငယ်များ၏ အညွန့်ကြီးထွားမှုအစိတ်အပိုင်းနှင့် ပန်းခိုင်များ သည် ပုံမှန်မဟုတ်ဘဲ အစုအဝေး၊ အဆုပ်လိုက်ဖြစ်နေသည်။ အညွန့်ပိုင်းသည် ဆစ်ကြားများတိုပြီး အရွက်များသေးငယ်၍ စုပြုံထွက်လာသည်။ ပန်းခိုင်များနှင့် အရွက်များကြီးထွားမှု ပုံမမှန်ဖြစ် လာသည်။ အပင်ကြီးထွားမှုနှင့် အထွက်ကို ထိခိုက်စေသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- အနည်းလိုအဟာရဓါတ် (ဇင့်၊ ဘိုရွန်နှင့် ကော့ပါး) ပါဝင်သောရွက်ဖျန်း မြေသြဇာများကို အပင်များအားဖျန်းပေးပါ။ အပင်ကြီးများအား ပန်းမပွင့်မီဖျန်း ပေးပါ။
- ပျိုးပင်ပေါက်အပင်များတွင်ကျရောက်ပါက ဖျက်ဆီးပစ်ပါ။
- အပင်ငယ်တွင်ကျရောက်ပါက ပုံမမှန်ဖြစ်နေသောနေရာမှ အောက်သို့ ၂ဆစ်မှ ၃ ဆစ်အထိဖြတ်ပစ်ပါ။ ၎င်းနောက် ဒါဏ်ရာမှရောဂါဝင်ရောက်မှု မရှိစေရန် Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း) ကိုဖျန်းပေးပါ။

- မွှားကောင်လေးများစားသောက်သောဒါဏ်ရာမှ ရောဂါဖြစ်စေသဖြင့် မွှားများ ကို သုတ်သင် ရှင်းလင်းပါ။